# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၉၆

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၈၂ တွင် ချမှတ်ခဲ့သော ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့က ချမှတ်သော အမိန့်အပေါ် အယူခံမှု

ဦးသန်းလွင် နှင့် ဦးသိန်းဒွေး

**(အယူခံတရားလို)** **(အယူခံတရားပြိုင်)**

အယူခံတရားလိုအတွက် - ဦးမြင့်နိုင်ဦး၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးသိန်းရီ၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်

ဟင်္သာတခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉ တွင် ဦးသိန်းဒွေးမှ ဦးသန်းလွင် အပေါ် အစုစပ်လုပ်ငန်းကို ဖျက်သိမ်း၍ စာရင်းရှင်းလင်း ခွဲဝေပေးစေလိုမှု စွဲဆိုရာ တရားလိုနှင့် တရားပြိုင်တို့သည် Cool Flower သောက်ရေသန့် အစုစပ်လုပ်ငန်းကို တရားလို မတည်ရင်းနှီးငွေ ၅၀၈၈၆၈၁၉ ကျပ်ထည့်ဝင်၍လည်းကောင်း၊ တရားပြိုင်မှမတည်ရင်းနှီးငွေ ၄၅၂၅၀၈၉၈ ကျပ်ထည့်ဝင်၍ လုပ်ကိုင်ကြကြောင်း၊ Cool Flower သောက်ရေသန့် လုပ်ငန်းတွင် တရားလိုနှင့် တရားပြိုင်တို့သည် ၁.၁၂: ၀.၈၈ အချိုးဖြင့် ခွဲဝေယူကြစေရန် အပြီးသတ်ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီအပေါ် ဦးသန်းလွင်က ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၈၂ ဖြင့် တင်သွင်းရာ ဟင်္သာတခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး၊ မူလရုံးက သတ်မှတ်ခဲ့သည့် တရားလို၏ မတည်ရင်းနှီးငွေ ၅၀၈၈၆၈၁၉ ကျပ်အပေါ်တွင် အစုစပ်လုပ်ငန်းဖျက်သိမ်းလိုက်သည့်နေ့၌ တရားလို ရရန်ရှိသော အကျိုးအမြတ်ငွေကို ပဏာမဒီကရီတွင် ချမှတ်ထားသည့် အချိုးအတိုင်း ရသင့်ငွေကို တွက်ချက်၍ ခွဲဝေပေးသည့် အပြီးသတ်ဒီကရီကို ချမှတ်ပေးရန် ညွှန်ကြားလိုက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အပေါ် ဦးသန်းလွင်က အယူခံမှု ဆက်လက် တင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာအရ တရားပြိုင်က ရေသန့်စက်ရုံအစုစပ်လုပ်ကိုင်လိုကြောင်း၊ ၎င်းမှာ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာဖြစ်၍ ၎င်း၏ဇနီးအမည်ပေါက် ဂရန်မြေတွင် ဇနီးအမည်ခံ လုပ်ကိုင်လိုကြောင်း

ကမ်းလှမ်း၍ ၂၀၀၆ ခုနှစ်၊ ဧပြီလတွင် မြေကွက်ကိုပေးအပ်၍ တရားလိုက အဆောက်အဦကို ငွေကျပ် ၂၀၂၂၅၉၅ ကုန်ကျခံကာ တည်ဆောက်ပြီး ပစ္စည်းဝယ်ရန် ငွေကျပ် ၂၆၅ သိန်းထုတ်ပေးခဲ့ကြောင်း၊ စက်ရုံဝန်ထမ်းများခန့်အပ်ပြီး ၂၂-၂-၂၀၀၇ မှစ၍ စက်ရုံလည်ပတ်ခဲ့ကြောင်း၊ တရားပြိုင်က စာရင်းရှင်းလင်းမှု မရှိကြောင်း၊ တရားလိုက စိုက်ထုတ်ငွေအပ်၍ စာရင်းရှင်းပေးရန် ၃၁-၁-၂၀၀၈ နေ့က တောင်းဆိုပြီး ထိုနေ့မှစ၍ တရားလိုနှင့် အရှုံးအမြတ်များ မသက်ဆိုင်ဟု ပြောဆိုခဲ့ကြောင်း၊ စာရင်းစစ်ဖြင့် ၂၂-၂-၂၀၀၇ မှ ၃၁-၁-၂၀၀၈ အထိ စာရင်းရှင်းတမ်းများ ရေးသွင်းခဲ့ကြောင်း၊ တရားပြိုင်က ငွေအမ်းရန် ပျက်ကွက်သည့် ၇-၁၀-၂၀၀၈ မှစ၍ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားလိုပိုင်အရက်ချက်စက်ရုံတွင် ၁၀၀ ကီလို ထရန်စဖော်မာ ၁ လုံးကို ငွေကျပ် ၁၂၀ သိန်းအကုန်ခံ၍ တရားပြိုင်က တပ်ဆင်ပေးခဲ့ကြောင်း၊ တရားလိုက ကျပ် ၁၀ သိန်းသာ ပေးပြီး ကျန်ငွေကျပ် ၁၁၀ သိန်းကို မပေးဘဲ ယင်းငွေအတွက် တရားလိုက ရေသန့်စက်ရုံ အဆောက်အဦ ဆောက်ပေးကြောင်း၊ ငွေကျပ် ၂၆၅ သိန်းထုတ်ပေးခြင်းနှင့် စိုက်ငွေ စုစုပေါင်း ၅၀၈၈၆၈၁၉ ကျပ်ဆိုခြင်းမှာ မမှန်ကြောင်း၊ အစုစပ်လုပ်ငန်းလုပ်ကိုင်ခဲ့ခြင်းမရှိကြောင်း၊ တရားလိုထံမှ ချေးငွေအပေါ် အတိုးအနေဖြင့် ရေသန့်လုပ်ငန်းမှ အကျိုးအမြတ်ကို ခွဲဝေပေးမည်ဟု ပြောခဲ့ခြင်းဖြစ်ကြောင်း ထုချေသည်။

အမှုကို ဧရာဝတီတိုင်းတရားရုံး၊ ၂၀၀၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ ဖြင့် စွဲဆိုခဲ့ပြီး၊ အစုစပ်ရေသန့်စက်ရုံလုပ်ငန်းကို ၃၁-၈-၂၀၀၈ နေ့တွင် ဖျက်သိမ်းကြောင်း ကြေညာ၍ မိမိတို့ထည့်ဝင်ထားသော မတည်ငွေများ၏ အချိုးအတိုင်း စာရင်းရှင်းလင်းခွဲဝေယူကြရန် ပဏာမဒီကရီကို ၂၇-၁၂-၂၀၁၀ နေ့တွင် ချမှတ်ခဲ့သည်။ ယင်းဒီကရီကို ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၁ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၇ ဖြင့်အတည်ပြုခဲ့ကြောင်း၊ စီရင်ပိုင်ခွင့် တိုးမြှင့်၍ မူလမှုကို ဟင်္သာတခရိုင်တရားရုံး ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉ ဖြင့် ဖွင့်ခဲ့ကြောင်း တွေ့ရသည်။ တရားပြိုင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၁၁ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၂၂၀ ဖြင့် ဆက်လက်အယူခံရာ မူလရုံးနှင့် ပထမအယူခံတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ အမှုကို ပလပ်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၁၂ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃၈ တွင် ဧရာဝတီတိုင်းတရားရုံးနှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြုကြောင်း၊ အစုစပ်လုပ်ငန်းဖျက်သိမ်းသည့်နေ့ရက်ကို ဒီကရီချမှတ်သည့် နေ့စွဲဖြင့် ပြင်ဆင်ရေးဆွဲရန် ညွှန်ကြားခဲ့သည်။

ဟင်္သာတခရိုင်တရားရုံးက ကော်မရှင်နာခန့်အပ်ပြီး ၂၄-၇-၂၀၁၅ နေ့တွင် တရားလို၏ မတည်ရင်းနှီးငွေ ၅၀၈၈၆၈၁၉ ကျပ်နှင့် တရားပြိုင်၏ မတည်ငွေမှာ ၁၆၇၇၉၀၈၀ ကျပ်ဟု သတ်မှတ်၍ ကော်မရှင်နာ အစီရင်ခံစာအပေါ် အတည်ပြုခဲ့သည်။ ယင်းအမိန့်ကို ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၂၃ တွင် တရားလိုနှင့် တရားပြိုင်တို့သည် အစုစပ်လုပ်ငန်းကို ၁.၁၂: ၀.၈၈ အချိုးဖြင့် ခွဲဝေယူရန်နှင့် တရားလို၏ မတည်ငွေမှာ ၅၀၈၈၆၈၁၉ ကျပ်နှင့် တရားပြိုင်၏ မတည်ငွေမှာ ၄၅၂၅၀၈၉၈ ကျပ်ဖြစ်သည်ဟု ၁၉-၁-၂၀၁၆ နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည်။

ယင်းအမိန့်ကို တရားလို၊ တရားပြိုင် (၂) ဘက်လုံးမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၈၉ နှင့် ၂၃၁ တို့ဖြင့် တက်ရောက်ခဲ့ပြီး ထိုပြင်ဆင်မှု ၂ မှုလုံး ပလပ်ခဲ့သည်။ ထို့နောက် တရားလို၊ တရားပြိုင် ၂ ဖက်လုံးမှ ၂၀၁၆ ခုနှစ်၊ စာချွန်တော်အမှုအမှတ် ၁၄၀ နှင့် ၁၈၈ တို့ဖြင့် တက်ရောက်ခဲ့ရာ ၁၄-၄-၂၀၁၇ နေ့တွင် စာချွန်တော်မှုများအား ပလပ်ခဲ့ကြောင်း တွေ့ရသည်။

ဟသ်ာတခရိုင်တရားရုံးက ၃၀-၆-၂၀၁၇ နေ့တွင် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၂၃ တွင် ကော်မရှင်နာအစီရင်ခံစာအပေါ် ပြင်ဆင်ချက်ဖြင့် အတည်ပြုသည့်အမိန့်နှင့်အညီ အပြီးသတ်ဒီကရီချမှတ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က မူလရုံး၏ အပြီးသတ်ဒီကရီမှာ ပြည့်စုံမှုမရှိကြောင်း၊ တရားလို၏ မတည်ရင်းနှီးငွေအပေါ်တွင် တရားလိုရရန်ရှိသော အကျိုးအမြတ်ငွေကို ချမှတ်ထားသည့် အချိုးအတိုင်းရသင့်ငွေကို တွက်ချက်၍ ခွဲဝေပေးသည့် အပြီးသတ်ဒီကရီချမှတ်ပေးရန် ညွှန်ကြားခဲ့သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က ဟသ်ာတခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ခဲ့ပြီး တရားပြိုင်၏ မတည်ရင်းနှီးငွေနှင့် တရားပြိုင်ရမည့် အချိုးကို ချမှတ်ပေးခြင်းမရှိကြောင်း၊ ကော်မရှင်နာ ၂ ဦးမှ အစုစပ်လုပ်ငန်း၏ စာရင်းများနှင့် မတည်ရင်းနှီးငွေများ၊ လုပ်ငန်းပစ္စည်းစာရင်းကို ကောက်ယူခဲ့ကြောင်း၊ တရားလိုက တရားပြိုင်ကို ငွေကျပ် ၁၁၀ သိန်းပေးရန်ရှိပြီး၊ တရားလိုက ထိုငွေဖြင့် ရေသန့်စက်ရုံအဆောက်အဦတည်ဆောက်သဖြင့် အဆိုပါ ငွေကျပ်သိန်း ၁၁၀ အား တရားပြိုင်၏ မတည်ငွေအဖြစ်သတ်မှတ်ပြီး၊ တရားလို၏ စာရင်းထဲမှ ငွေကျပ်သိန်း ၁၁၀ နုတ်ပယ်ရမည်ဖြစ်ကြောင်း၊ ရေသန့်စက်တည်ရာမြေမှာ ကော်မရှင်နာစစ်စဉ်ကပင်ငွေကျပ်သိန်း ၁၀၀၀ ကျပ်တန်သော်လည်း၊ မြေတန်ဘိုးကိုငွေကျပ် ၁၂၀ သိန်းသာ သတ်မှတ်ခြင်းမှာ တရားပြိုင်အတွက်များစွာနစ်နာကြောင်း၊ ကော်မရှင်နာ ဦးတင့်ဆန်း မှ တရားပြိုင်ထည့်ဝင်ငွေမှာ ၅၃၀၄၃၀၁၅ ကျပ်ဟုလည်းကောင်း၊ ကော်မရှင်နာ ဒေါ်ခင်စန်းဝေ က တရားပြိုင်မှ စိုက်ထုတ်ပေးငွေ ၇၃၅၄၃၀၁၂ ကျပ်ဟုလည်းကောင်း ဖော်ပြထားကြောင်း၊ တရားပြိုင်က တရားလိုထံမှ ငွေထုတ်ယူသည့် မှတ်တမ်းတင်ပြနိုင်ခြင်းမရှိဘဲ တရားလို၏ မတည်ရင်းနှီးငွေအား ၅၀၈၈၆၈၁၉ ကျပ်ဟု သတ်မှတ်ပေးခြင်းမှာ အမှုတွဲပေါ်ပေါက်ချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း၊ မူလရုံး၏ အပြီးသတ်ဒီကရီတွင် တရားပြိုင်၏ မတည်ရင်းနှီးငွေကွာဟနေပြီး အချိုးများပြင်ဆင်ပေးရန် လျှောက်ထားသည်ကို ပထမအယူခံရုံးမှ တရားပြိုင်ရရှိမည့် အချိုးကို ချမှတ်ပေးခြင်းမရှိဘဲ တရားလို၊ တရားပြိုင်တို့အကြား အပြီးသတ် ဆုံးဖြတ်ပေးခြင်းမဟုတ်သဖြင့် ပြင်ဆင်ပေးပါရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက တရားလိုက ရုံးခွန်ထမ်းဆောင်၍ သက်သာခွင့် တောင်းထားသည့်အပေါ် တရားလို၊ တရားပြိုင်နှစ်ဦး စလုံးက သတ်မှတ်ထားသည့် အချိုးဖြင့် ခွဲဝေယူကြရန် ချမှတ်သည့်အမိန့်သည် မှားယွင်းနေကြောင်း၊ တရားပြိုင် ခံစားရမည့် အချိုးမှာ ၀.၈၈ ဟု အမိန့်ချမှတ်ပြီးနောက် ရုံးခွန်ထမ်းဆောင်ရမည်ကို ပျက်ကွက်ခဲ့ကြောင်း၊ တရားပြိုင်၏မတည်ရင်းနှီးငွေကို

၇၃၅၄၃၀၁၂ ကျပ်ဟု သတ်မှတ်ပေးပါရန် လျှောက်ထားခြင်းသည် အထက်တရားရုံးအဆင့်ဆင့်၏ စီရင်ချက်နှင့် ဒီကရီများကို မထေမဲ့မြင်ပြုရာရောက်ကြောင်း လျှောက်လဲတင်ပြသည်။

မူလအမှုကို စိစစ်ကြည့်ရာ ပဏာမဒီကရီမှာ မိမိတို့ ထည့်ဝင်ထားသည့် မတည်ငွေများ၏ အချိုးအတိုင်း စာရင်းရှင်းလင်းခွဲဝေယူကြရန် ချမှတ်ခြင်းဖြစ်သည်။ ပဏာမဒီကရီတွင် တရားလို တရားပြိုင်တို့၏ မတည်ငွေနှင့် အချိုးတို့ကို ဖော်ထုတ်ဆုံးဖြတ်ခဲ့မှုမရှိသေးကြောင်း တွေ့ရှိရသည်။ အပြီးသတ် ဒီကရီတွင်မှ တရားလို၊ တရားပြိုင်တို့၏ မတည်ငွေ ပမာဏနှင့် အချိုးတို့ကို သတ်မှတ်ပေးခြင်းဖြစ်၍ ပဏာမဒီကရီခြားနားခြင်းမရှိသည့် အပြီးသတ်ဒီကရီဖြစ်သည်ဟု ကောက်ယူရန် မသင့်ပေ။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက ငွေကျပ်သိန်း ၁၁၀ ကို တရားလို၏ မတည်ရင်းနှီးငွေမှနုတ်ပြီး တရားပြိုင်၏မတည်ရင်းနှီးငွေတွင် ထည့်သွင်းသင့်ကြောင်း လျှောက်လဲတင်ပြချက်သည် ကော်မရှင်နာ အစီရင်ခံစာကို ပြင်ဆင်ချက်ဖြင့် အတည်ပြုသည့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၂၃ တွင် ဆုံးဖြတ်ပြီးဖြစ်ကြောင်း တွေ့ရသည်။

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ် ၁၂၃/၂၀၁၅ ကို တရားလို တရားပြိုင် (၂) ဘက်စလုံးမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တရားမပြင်ဆင်မှုနှင့် စာချွန်တော် တို့ဖြင့် လျှောက်ထားခဲ့သော်လည်း ပလပ်ခဲ့သဖြင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်သည် အတည်ဖြစ်လျက်ရှိကြောင်း တွေ့ရသည်။

ဟင်္သာတခရိုင်တရားရုံး၏ အပြီးသတ်ဒီကရီသည် အတည်ဖြစ်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၂၃ တွင် ကော်မရှင်နာအစီရင်ခံစာကို ပြင်ဆင်ချက်ဖြင့် အတည်ပြုသည့် အမိန့်နှင့်အညီ ချမှတ်ထားခြင်းဖြစ်၍ မှားယွင်းမှုမရှိပေ။

သို့ဖြစ်၍ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က ဟင်္သာတခရိုင်တရားရုံး၏ အပြီးသတ်ဒီကရီကို ပယ်ဖျက်ပြီး တရားလိုရရန်ရှိသည့် အကျိုးအမြတ်ငွေကို တွက်ချက်၍ ခွဲဝေပေးသည့် အပြီးသတ်ဒီကရီချမှတ်ပေးရန် ညွှန်ကြားလိုက်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုသာပေ။

ထို့ကြောင့် ဤတရားမအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုသည်။ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကိုပယ်ဖျက်၍ ဟင်္သာတခရိုင်တရားရုံး၏ အပြီးသတ်ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ် ၃၀၀၀၀ ကျပ်သတ်မှတ်သည်။

(စိုးနိုင်)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး